ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်မောင်လတ် ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၁-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်ရှီလာနန်တောင် (ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) (၂၁)ရာစု ပင်လုံညီလာခံ အကြိုညှိနှိုင်းပွဲ တက်ရောက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) မူလတန်းအဆင့် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ရေဘေး ကယ်ဆယ်ရေးကိစ္စဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) ဘတ်ဂျက်ဥပဒေကြမ်း အစီရင်ခံစာပြုစုရန်နှင့် ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၈)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၆)ဦး ဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြခြင်းနှင့်အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်ပြီး ရေကြီးရေလျှံမှုများဖြစ်ကာ ရေဘေးအန္တရာယ် ကျရောက်နေသည့်ဒေသများရှိ ရေဘေးသင့်ပြည်သူများ၏ အဆောက်အအုံ၊ပစ္စည်းများ၊ လယ်ယာနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးသင့်ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်း ကူညီ လှူဒါန်းကြဖို့ဖြစ်ပါတယ်။ ရရှိသော အလှူငွေများကို ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့် ပြည်သူများ အသုံးပြုနိုင်ရန်အတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့လှူဒါန်းသွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်နေ့တာနေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်းဖို့ သဘော တူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ် လှူဒါန်းရန် တင်ပြခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၁။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးနဲ့တကွ ဧည့်သည်တော်များ အားလုံး သက်ကြီးရွယ်အိုဘဝမှာကံကောင်းကြပါစေလို့ မင်္ဂလာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး (၃)ပိုင်းခွဲပြီး ကျွန်တော် ဆွေးနွေး ပါမယ်။ ပထမပိုင်းက ဥပဒေရဲ့သဘောကို တင်ပြပါမယ်။ ဥပဒေဆိုတာ မူလပြဋ္ဌာန်းစဉ်က ရပ်တည် ချက် မှန်ကန်ရပါမယ်။ ဥပဒေကို လိုက်နာကြရမယ့်ပြည်သူတွေ အပါအဝင် ဥပဒေရပ်တည်တဲ့ နိုင်ငံရဲ့ လူနေမှုစရိုက်၊ အဆင့်အတန်း၊ ဓလေ့ထုံးစံ၊ လူတန်းစား၊ လက္ခဏာမှ စသည့် လူမျိုး၊ ဘာသာ၊ အသား အရောင် ကွဲပြားခြားနားသူများပါမကျန် လိုက်နာကြရမယ့်မည်သူမဆို အကျုံးဝင်အောင် ပြဋ္ဌာန်းရ ပါမယ်။ ကျင့်သုံးနေတဲ့ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေရှိတဲ့ စေ့စပ်သေချာစွာ ပြဋ္ဌာန်း သင့်တယ် လို့ လက်တွေ့သဘောအရ နားလည်ခံယူခဲ့ပါတယ်။ ဥပဒေဟာ သားရေကွင်းကြီး မဟုတ်ပါဘူး။ ကျောက်ဆောင်ကျောက်သားထုကြီးသာ ဖြစ်ပါတယ်။ ဥပဒေကို ထင်ရာလုပ်တဲ့ နိုင်ငံများမှာ အာဏာရှင် စနစ်အောက်မှာ လိုတိုး၊ ပိုလျှော့ လုပ်လေ့လုပ်ထရှိကြပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီနိုင်ငံများမှာတော့ ဥပဒေဟာ အဲဒီနိုင်ငံသားတို့အတွက် ခိုင်မာတဲ့ အကာအကွယ် အုတ်နံရံကြီးသာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကို ကျွန်ပြုခဲ့တဲ့ အင်္ဂလိပ်လူမျိုးများ ဟာ ကိုလိုနီနိုင်ငံများဖြစ်တဲ့ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ သီရိလင်္ကာ စတဲ့နိုင်ငံများရဲ့ ဓလေ့ထုံးစံများနဲ့ ထိုက်သင့်စွာ ပြဋ္ဌာန်းခဲ့ကြပါတယ်။ နိုင်ငံတိုင်းရဲ့ ရေမြေဒေသအလိုက် ပြဋ္ဌာန်း လေ့ရှိကြပါတယ်။ ဒါဟာ ဥပဒေရဲ့ သဘောဖြစ်ပြီး ဒီသဘောကို လက်တွေ့ကဏ္ဍမှာ တာဝန်ရှိသူများဖြစ်တဲ့ စီမံခန့်ခွဲသူများ၊ စီမံခန့်ခွဲခြင်းခံရသူတို့ကနေမှ မလိုက်နာကြရင်၊ တစ်နည်းအားဖြင့် လက်တွေ့မကျခဲ့ရင်၊ တစ်နည်း အားဖြင့် အကောင်အထည်မဖော်ခဲ့ကြရင်၊ ဒီဥပဒေရဲ့ အနှစ်သာရဟာ အဓိပ္ပာယ်မရှိပါဘူး။ အဓိပ္ပာယ် မရှိရင် အရာမရောက်လို့ ဘာကောင်းကျိုးမှရမှာ မဟုတ်ပါဘူး။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာသမိုင်းမှတ်တမ်းအရ ဖြတ်သန်းခဲ့ရတဲ့ လက်တွေ့နမူနာပြရရင် မြန်မာနိုင်ငံမှာ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးဆိုတဲ့ မူဝါဒတစ်ရပ်ဖြစ်တဲ့ လူနဲ့ပတ်ဝန်းကျင်တို့ရဲ့ အညမည သဘော တရားဆိုတဲ့ မူဝါဒတစ်ခု မြန်မာသမိုင်းမှာ ကြီးစိုးခဲ့ဖူးပါတယ်။ ဒီလမ်းစဉ်ကြီးဟာ ဗုဒ္ဓဘာသာ အများစု နေကြတဲ့ မြန်မာနိုင်ငံကြီးမှာ သဘောတရားပြည့်ဝ ကောင်းမွန်ခဲ့တဲ့ ဝါဒလမ်းစဉ်ကြီးဖြစ်ပေမယ့်

လက်တွေ့တိတိကျကျ မှန်မှန်ကန်ကန်အနေနဲ့ စီမံအုပ်ချုပ်သူရော၊ လိုက်နာကြရမယ့် အားလုံးကပါ လိုက်နာကျင့်သုံးခဲ့ခြင်းမရှိခဲ့လို့ အကျိုးမဖြစ်ထွန်းခဲ့ပါဘူး။ ဒါကြောင့် ဥပဒေရဲ့ ပင်ကိုသဘောကို လေးနက်စွာ ထည့်သွင်းစဥ်းစားကြဖို့ အရေးကြီးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းအနေနဲ့ သက်ကြီးရွယ်အိုများနဲ့ ဆိုင်တဲ့ ဥပဒေကြမ်းအပေါ်မှာ ဖော်ပြထားတဲ့ ကဏ္ဍကို အကျဥ်းချုပ်ဆွေးနွေးပါမယ်။ ဒီဥပဒေကြမ်းမှာ အခန်းပေါင်း(၁၇)ခန်းနဲ့ ပုဒ်မပေါင်း(၆၇)ခု ပါဝင်ပါတယ်။ အခန်း(၁)၊ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)မှာ သက်ကြီး ရွယ်အို သက်သေခံကတ်ပြားဆိုသည်မှာ ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ခံစားခွင့် ပေးနိုင်ရန် ဤဥပဒေအရ သက်ကြီးရွယ်အိုတို့အား သက်သေခံအထောက်အထားအဖြစ် ထုတ်ပေး ထားသော ကတ်ပြားကို ဆိုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ဆွေးနွေးလိုတာက သက်သေခံ ကတ်ပြားမရှိရင် အသက် (၆၀)နဲ့ (၆၀)အထက်ရှိပြီးဖြစ်တဲ့ သက်ကြီးရွယ်အိုများဟာ ဒီဥပဒေက ဘာခံစားခွင့်မှရမှာမဟုတ်ပါဘူး။ သက်ကြီးရွယ်အို ဖြစ်နေတာတောင်မှ ကတ်ပြားမရှိရင် ဒီဥပဒေက အကာအကွယ်ကို မရတော့ပါဘူး။ ဘာလို့လဲဆိုရင် ဒီဥပဒေရဲ့ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)မှာ သက်ကြီး ရွယ်အိုဆိုသည်မှာ အသက်(၆၀)နှစ်နှင့်အထက်ရှိပြီး မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသား အားလုံးကိုဆိုသည်လို့ ပြဋ္ဌာန်းထားလို့ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံသားဖြစ်တဲ့ အသက် (၆၀)နဲ့ (၆၀) ပြည့်ပြီး အဘိုးအိုတို့၊ အမေအိုတို့ဟာ သက်ကြီးရွယ်အိုဖြစ်ပါလျက်နဲ့ ကတ်ပြားမရှိလို့ ဒီဥပဒေနဲ့ အကျုံးမဝင်သူတွေ ဖြစ်နေမယ်။ သက်ကြီးရွယ်အိုကို ဥပဒေအရ အတိအလင်း ပြဋ္ဌာန်း ကာကွယ်ထားပါလျက် ကတ်ပြားမရှိဘူးဆိုတဲ့ ကန့်သတ်ချက်နဲ့ ဒီ သက်ကြီးရွယ်အိုတို့အတွက် ဒီဥပဒေ ဟာ အဟောသိကံ ဖြစ်နေတယ်ဆိုတာ သတိထားဖို့လိုပါမယ်။ သက်ကြီးရွယ်အို အသက်အရွယ် အိုမင်း ရင့်ရော်နေကြတဲ့ ရုပ်လက္ခဏာကြည့်ရင် သက်ကြီးရွယ်အိုဆိုတာ ကြည့်ရုံနဲ့ သိနေပါတယ်။

ဒါကြောင့် သက်ကြီးရွယ်အိုဆိုတဲ့ အသက်ကို ယေဘုယျသာ ကန့်သတ်သင့်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ဘာကို ရည်ရွယ်သလဲဆိုရင် မြန်မာနိုင်ငံမှာ အသက်ကြီးလို့၊ အရွယ်အိုလို့ သေသွားကြတဲ့အဘိုးအို၊ အဘွားအိုတွေဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားလို့ခေါ်တဲ့ မှတ်ပုံတင်ကတ်ပြားတွေ မရှိကြတာကများပါတယ်။ မြန်မာနိုင်ငံဟာ လူဦးရေ အများဆုံးနေကြတဲ့ ကျေးလက်တောရွာများက သာဖြစ်ပါတယ်။ တောသူ၊ တောင်သားတွေရဲ့ ဓလေ့၊ စရိုက်၊ အလေ့အကျင့်များကို ထည့်သွင်းစဥ်းစား ရပါမယ်။ ဒီဥပဒေရဲ့ အခန်း(၂)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)မှ(ည)အထိ ဒီဥပဒေရဲ့ ရည်ရွယ်ချက်တွေကို ဖော်ပြ ထားပါတယ်။ အခုလို ကတ်ပြားနဲ့ကန့်သတ်ခဲ့ရင် အခုဖော်ပြထားတဲ့ ဥပဒေရဲ့ ရည်ရွယ်ချက်များအရ သက်ကြီးရွယ်အိုများ အခွင့်အရေးကို ဆုံးရှုံးနစ်နာနေပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယပိုင်းအနေနဲ့ ဖြည့်စွက် အကြံပြုချက်များ အပိုင်းဖြစ်ပါတယ်။ ဒီဥပဒေမှာ သက်ကြီးရွယ်အိုရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီး ခံစားခွင့်များပါ ပါလိမ့်မယ်။ ဥပဒေအမြင်အရပြောရရင် တရားမဥပဒေအရ ထိုက်သင့်သ၍ ပါရှိပြီးတော့ ပြစ်မှုဆိုင်ရာ ဥပဒေအရ သက်ကြီးရွယ်အိုကို မိသားစုဝင်ကဖြစ်စေ၊ မိသားစုဝင် မဟုတ်သူက သူတစ်ပါးက ဖြစ်စေ ညှဥ်းပန်းနှိပ်စက်နေတာမျိုး ဖြစ်ခဲ့မယ်ဆိုရင် တွေ့မြင်ကြားသိတဲ့ ပုဂ္ဂိုလ်က ရဲစခန်းမှာ ချက်ချင်းတိုင်ကြား နိုင်ကြောင်း ရဲစခန်းမှလည်း ဆောလျင်စွာလိုက်ပါပြီး ပြစ်မှုကျူးလွန်သူကို ချက်ချင်းဖမ်းဆီးရမည် ဖြစ်ကြောင်း ထည့်သွင်းပြဋ္ဌာန်းပေးဖို့ အကြံပြုပါတယ်။ နည်းဥပဒေမှာ ထည့်သွင်းနိုင်ပေမယ့် မူလ

ပင်မဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါတယ်။ ဒီအချက်နဲ့ ပတ်သက် ပြီး ဒီဥပဒေမှာ ပုဒ်မ ၅၈ မှာ ပြဋ္ဌာန်းထားပေမယ်လို့ အဲဒီပြစ်ဒဏ်ဟာ ဒီဥပဒေက သီးခြား မဟုတ်ဘဲနဲ့ Criminal Law အရ အပြစ်ပေးရမှာဖြစ်လို့ မလုံလောက်ပါဘူး။ ဒ့ါအပြင် အဲဒီလို တာဝန်သိစွာ တိုင်ကြားပေးတဲ့ မည်သူမဆို တို့ကိုလည်းပဲ အဲဒီဥပဒေမှာ လုံခြုံဖို့ရန်အတွက် ပြဋ္ဌာန်းသင့်ပါတယ်။ ဒါမှ ဥပဒေမှာ ထည့်သွင်း မပြဋ္ဌာန်းခဲ့ဘူးဆိုရင် ဒါမှ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲဆိုတဲ့ ပြဿနာစကားနဲ့ အမေးခံရမှ အန္တရာယ်ကင်း ပါလိမ့်မယ်။ သက်ကြီးရွယ်အိုများဟာ သူတို့ကတော့ ရဲစခန်းမှာတိုင်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မိဘတွေဖြစ်နေတယ်၊ အရွယ်တွေကြီးနေကြတယ်၊ အကြီးအကဲတွေ ဖြစ်နေကြတယ်။ သူတို့ကို ကြောက်ရွံ့နေကြတယ်။ နားလည်းမလည်ကြဘူး။ သည်းခံနေကြတယ်။ ဒါတွေနဲ့ သူတို့ ကိုယ်တိုင် တိုင်မှာ မဟုတ်ပါဘူး။

အဲဒါကြောင့် လူမှုဝန်းကျင်မှာ အကျည်းတန်အရုပ်ဆိုးလွန်းလို့ လူ့တာဝန်အရ ရှိနေလေတော့ ရိုင်းပျတဲ့ ပြစ်မှုကျူးလွန်သူကို ပတ်ဝန်းကျင်မှာတွေ့မြင်သူက အမှုဖွင့်အရေးယူနိုင်တယ်လို့ ထင်ရှား မြင်သာစွာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ သင့်လျော်ပါတယ်။ ဒီလိုပြဋ္ဌာန်းမှ အိုမင်းမစွမ်း အိုနာမဲ့ ဖြစ်နေ ကြတဲ့ သက်ကြီးရွယ်အိုများကို အနိုင်ကျင့် ညှဉ်းပန်းနှိပ်စက် စော်ကားသူတွေရဲ့ အန္တရာယ်မှ ကင်းဝေး မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒ့ါအပြင် ဒုတိယပိုင်းမှာ တင်ပြထားတဲ့ သက်ကြီးရွယ်အိုတွေရဲ့ အခွင့်အရေး ခံစားနိုင်ဖို့ ပြဋ္ဌာန်းထားတဲ့ ကတ်ပြားကိစ္စကို ထည့်သွင်းပြဋ္ဌာန်းရန် မသင့်လျော်ပါ ကြောင်း၊ ဒါနဲ့စပ်လျဉ်းတဲ့ အခန်း(၁၂)ကိုလည်း ဖြုတ်ပစ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် သက်ကြီးရွယ်အိုများရဲ့ ဘဝနောက်ဆုံးခရီးမှာ အားကိုးရာမဲ့နေကြတဲ့ သူတစ်ပါး အကူ အညီ လိုအပ်နေတဲ့အချိန်မှာ ဒီသက်ကြီးရွယ်အိုဥပဒေက ကူညီမြှင့်တင်စောင့်ရှောက်နိုင်တဲ့ ဥပဒေဖြစ်လို့ ကြိုဆိုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၉။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးမင်္ဂလာ နံနက်ခင်းပါရှင်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီးတော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပထမ ဦးစွာ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မြေ ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီသက်ကြီးရွယ်အို များဆိုင်ရာဥပဒေနဲ့ ပတ်သက်ပြီးတော့ ဒီဥပဒေဟာ ကျွန်မတို့နိုင်ငံမှာ ရေးဆွဲထားတဲ့ နည်းဗျူဟာတွေ၊ မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အကြောင်းအရာနဲ့ သက်ဆိုင်တဲ့ မူဝါဒ အနှစ်ချုပ်တွေနဲ့ဘယ်လိုမျိုး သက်ဆိုင်နေတယ်ဆိုတာကို အကြမ်းဖျင်း ဆွေးနွေးပြီးတော့မှ ထပ်မံ ဖြည့်စွက်ရန်လိုတဲ့ အဓိပ္ပာယ်ဖော်ပြချက်များကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆိုလို့

ရှိရင် ၂၀၁၄ ခုနှစ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီဥပဒေဟာဆိုလို့ရှိရင် အဲဒီမဟာဗျူဟာစီမံချက်အရ ပေါ်ပေါက်လာတဲ့ သတ်မှတ်ဖို့ လိုတဲ့ ဥပဒေတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့အနေနဲ့ အများကြီးကြိုဆိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆိုလို့ရှိရင် လူမှုကာကွယ်စောင့်ရှောက်မှုဟာဆိုလို့ရှိရင် အာဆီယံဒေသမှာဆို အနည်းဆုံးဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့ GDP ရဲ့ (၀.၅)ရာခိုင်နှုန်းကိုပဲ လူမှုကာကွယ်စောင့်ရှောက်ရေးမှာ သုံးပြီးတဲ့အခါမှာ အရမ်းကိုနည်းပါးပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးနဲ့ပတ်သက်ပြီးတော့မှ GDP ရဲ့ (၇) ရာခိုင်နှုန်း သုံးစွဲပါတယ်။ ဗီယက်နမ်နိုင်ငံမှာဆိုလို့ရှိရင်လည်း GDP ရဲ့ (၆)ရာခိုင်နှုန်း၊ (၇) ရာခိုင်နှုန်းနီးပါး သုံးစွဲပါတယ်။ အင်ဒိုနီးရှားမှာဆိုလို့ရှိရင်တော့ GDP ရဲ့ (၃)ရာခိုင်နှုန်းနီးပါးသုံးစွဲပြီးတော့ လာအိုမှာလည်း ကျွန်မတို့နိုင်ငံထက် (၂)ရာခိုင်နှုန်းနီးပါးသုံးစွဲပါတယ်။ ဒီအာဆီယံကြေညာချက်တွေ၊ နောက်တစ်ခါကျတော့ ကမ္ဘာလုံးဆိုင်ရာ စီမံချက်တစ်ခုဖြစ်တဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ စီမံချက်ပန်းတိုင်တွေမှာဆိုလို့ရှိရင် ဒီလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တွေဟာ အရေးပေါ်အခြေအနေအပါအဝင် ဆင်းရဲနွမ်းပါးမှုနဲ့ အခက်အခဲအကျပ်အတည်းတွေအပြင် နိုင်ငံမှာ စီးပွားရေး အကျပ်အတည်းတွေ ပေါ်ပေါက်လာတဲ့အခါမှာ အများကြီးပဲ အထောက်အကူပြုတယ်ဆိုတာကို သုတေသနတွေနဲ့၊ ကြေညာချက်တွေနဲ့ ဖော်ပြပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့တော့ ဒီသက်ကြီးရွယ်အို ဆိုင်ရာဥပဒေကြမ်းဟာ ၂၀၁၃ ခုနှစ်၊ အာဆီယံကြေညာချက်၊ မြန်မာနိုင်ငံရဲ့ ၂၀၁၄ ခုနှစ်၊ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မယ့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနဲ့ ကိုက်ညီတဲ့အတွက်ကြောင့်မို့ အများကြီးပဲထောက်ခံပါတယ်။ ဒါပေမယ့်လို့ အခန်း(၁) အမည်နဲ့ အဓိပ္ပာယ် ဖော်ပြချက်တွေဟာ ဥပဒေမှာပါဝင်တဲ့အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး လိုအပ်ချက်လေးတွေ ရှိနေပါတယ်။ ကျွန်မအနေနဲ့ ဒါနဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခန်း(၁)၊ အပိုဒ် ၂ မှာဆိုလို့ရှိရင် မိဘ၊ သားသမီးဆိုတာကိုပဲ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ သို့သော်လည်း မိသားစုဆိုတဲ့ စကားလုံးဟာ ဥပဒေရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဇ) (ဈ)၊ အပိုဒ် ၃ (ဂ)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၃ ပုဒ်မခွဲ (ခ)၊ အပိုဒ် ၂၉ ပုဒ်မခွဲ(ခ)တွေမှာ မိသားစုဆိုတဲ့ စကားရပ်များ ပါဝင်ပါတယ်။ သို့သော်လည်းပဲ အခန်း(၁)အမည်နဲ့ အဓိပ္ပာယ်ဖော်ပြချက်မှာ မိသားစုဆိုတဲ့ ပတ်သက်ပြီးတော့မှ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါဘူး။

ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ ဖြည့်စွက်ပြင်ဆင်လိုတဲ့အကြောင်းရင်းကလည်း ကျွန်မတို့ မိဘနဲ့သားသမီးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ မလုံလောက်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ အိမ်ထောင်မရှိတဲ့ အပျိုကြီး၊ လူပျိုကြီးတွေလည်း ရှိပါတယ်။ နောက်တစ်ခါကျတော့ မြေးမရှိဘူး၊ သားသမီး မရှိတဲ့သူတွေလည်း ရှိပါတယ်။ အိမ်ထောင်ရှိသော်လည်း သားသမီး မရှိတဲ့သူတွေ၊ မြေး မရှိတဲ့သူတွေ ရှိပါတယ်။ နောက်တစ်ခု မိသားစုဆိုတဲ့အခါမှာ ဒီလိုမျိုး သက်ကြီးရွယ်အိုတွေဟာ မောင်နှမအရင်းချာတွေ ရှိတယ်။ အဲဒီတော့ အခန်း (၁)အမည်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မိဘ ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ သားသမီးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပြီး

တော့မှ ကျွန်မအနေနဲ့ မိသားစုဝင် သို့မဟုတ် မိသားစုဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်လေးကို ထပ်မံပြီးတော့ ဖွင့်ဆိုချင်ပါတယ်။ အဲဒါကတော့ ထပ်ဖြည့်ချင်ပါတယ်။ အဲဒါကတော့ မိသားစုဝင် သို့မဟုတ် မိသားစုပေါ့နော်။ အဓိပ္ပာယ်ကတော့ မိရင်း၊ ဖရင်းမှ မွေးဖွားခဲ့သော မောင်နှမအရင်းများ၊ မိရင်း၊ ဖရင်းမှ မွေးဖွားခဲ့သော မွေးစားမောင်နှမများ၊ မိထွေး၊ ပထွေးများမှ မွေးဖွားခဲ့သော အဖေတူ အမေကွဲ၊ အမေတူ အဖေကွဲ မောင်နှမများဆိုပြီးတော့မှ ကျွန်မအနေနဲ့ ပါဝင်ပါသည်လို့ ထပ်မံဖြည့်စွက်ချင်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်မအနေနဲ့ ထပ်မံပြီးတော့မှ ဆွေးနွေးချင်တာပေါ့နော်။ ဆွေးနွေးချင်တာကတော့ ကျွန်မတို့ ဒီအပိုဒ် ဥပဒေရဲ့ အခန်း(၆)မှာဆိုလို့ရှိရင် ခေါင်းစဉ်မှာကိုက မိဘဘိုးဘွားများဆိုပြီးတော့ပါ ပါတယ်။ သို့သော်လည်း မိဘ၊ ဘိုးဘွား အဓိပ္ပာယ်ဖွင့်ဆိုချက်ရယ်၊ နောက်တစ်ခုက သားသမီး၊ မြေးဆိုတဲ့နေရာမှာ မိဘရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တော့ပါ ပါတယ်။ ဘိုးဘွားရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျ မဖော်ပြထားပါဘူး။

နောက်တစ်ခါ မြေး ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း တိတိကျကျ မဖော်ပြထားပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့တော့ ဒီဟာကို အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထပ်ပြီးတော့ ဖြည့်ချင်ပါတယ်။ ဘယ်လိုဖြည့်ရမယ်ဆိုတာတော့ ကျွန်မအနေနဲ့ နည်းနည်းကျယ်ပြန့်တဲ့ အတွက်ကြောင့်မို့လို့ ဒီနေရာမှာ ဘိုးဘွားနဲ့ မြေးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း(၁)မှာ ထပ်မံပြီးတော့ ဖြည့်စွက်မယ်ဆိုရင် အခန်း(၆)မှာ ဖော်ပြထားတဲ့ ခေါင်းစဉ်မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်က ပိုပြီးတော့မှ ပြည့်စုံမယ်လို့ ထင်ပါတယ်။

နောက်တစ်ခု အခန်း(၆)၊ အပိုဒ် (၁၇)မှာ အရွယ်ရောက်သော မိသားစုဝင်လို့ဖော်ပြထားတဲ့ အတွက်ကြောင့်မို့လို့ အရွယ်ရောက်သောဆိုတာကို ဘယ်လိုမျိုး သတ်မှတ်ပါသလဲဆိုတာကို ကျွန်မအနေနဲ့ သိချင်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးချင်ပါတယ်ရှင်။ အဲဒီတော့ ကျွန်မအနေနဲ့ အခု ကျွန်မဆွေးနွေးထားတဲ့ ခုနတုန်းကထပ်မံဖြည့်စွက်ချင်တဲ့ မိသားစုဝင်၊ ဘိုးဘွား၊ မြေးဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း(၁)မှာ ထပ်မံပြီးတော့မှ ဖြည့်စွက်ချင်ကြောင်း ဆွေးနွေးရင်းနဲ့ ဒီဥပဒေဟာ ကျွန်မတို့နိုင်ငံအနေနဲ့ အများကြီးပဲလိုအပ်တဲ့ ဥပဒေဖြစ်တယ်။ ထပ်မံပြီးတော့မှ ဆွေးနွေးချင်တာကတော့ ဥပဒေကတော့ ကျွန်မတို့ ဒီအတည်ပြုနိုင်သလို နည်းဥပဒေရေးဆွဲတဲ့အခါမှာလည်း သက်ကြီးရွယ်အိုများကိုလည်း ကျွန်မအနေနဲ့တော့ ကျား/မရေးရာ ရှုထောင့်ကနေပြီးတော့မှ သက်ကြီးရွယ်အို အဘိုးအဘွားတွေရဲ့ အမျိုးသား၊ အမျိုးသမီးတွေရဲ့ လိုအပ်ချက်ပေါ်မှာ ထည့်သွင်းပြီးတော့မှ ရေးဆွဲပြီးတော့မှ ရေးဆွဲမှသာ ကျွန်မတို့ တစ်ကမ္ဘာလုံးမှာ အခုကျင့်သုံးနေပြီဖြစ်တဲ့ Gender Equality ကျား/မရေးရာ ရှုထောင့်ကနေပြီးတော့မှ ဒီဥပဒေကို ထည့်သွင်းရေးဆွဲဖို့ လိုအပ်ပါတယ်ဆိုတာကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဦးစိုးသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အတွင်းရေးမှူးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များနှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ချမ်းမြေ့စေကြောင်း ဆုမွန်တောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၀)ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော် ဆွေးနွေးမှာကတော့ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းပြီးတော့ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်နဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးကိုယ်တိုင် အဆိုတင်သွင်းထားတဲ့ သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေကြမ်းရဲ့ အခန်း(၁)၊ အပိုဒ်(၂)(ဂ)၊ အခန်း(၁)၊ အပိုဒ်(၂)(ထ)၊ အခန်း(၃)၊ အပိုဒ်(၄)(က)၊ အခန်း(၇)၊ အပိုဒ်(၂)(ခ)၊ အခန်း(၇)၊ အပိုဒ်(၂၃)(စ)၊ အခန်း(၁၂)၊ အပိုဒ်(၃၇)(ခ)၊ အခန်း(၁၆)၊ အပိုဒ်(၆၁)နှင့် အခန်း(၁၇)၊ အပိုဒ်(၆၆)တို့ကို ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းတစ်ခုကို ပြင်ဆင်ဆွေးနွေးမှာဖြစ်တဲ့အတွက် အချိန်လုံလောက်မှုမရှိပါက တိုးပေးဖို့ ကြိုတင်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ၂၀၁၄ ခုနှစ်ရဲ့ မြန်မာနိုင်ငံလူဦးရေသန်းခေါင်စာရင်းအရ ကျွန်တော်တို့နိုင်ငံမှာ သက်ကြီးရွယ်အိုတွေဟာ (၅)သန်းခန့်ရှိတယ်လို့ဆိုပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ပိုတိုးလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေဆယ်ပုံတစ်ပုံရှိတဲ့ ဒီသက်ကြီးရွယ်အိုတွေ၊ အိုမင်းမစွမ်းတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ ငယ်ရွယ်သူမျိုးဆက်သစ်တွေနဲ့ နိုင်ငံတော်မှာ တာဝန်ရှိနေပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခြေခံမူ ၃၂(က)မှာ နိုင်ငံတော်သည် သက်ကြီးရွယ်အို အိုမင်းမစွမ်းတွေကို ကြည့်ရှုစောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒီဥပဒေဟာ သက်ကြီးရွယ်အိုများအတွက် အလိုအပ်ဆုံးဖြစ်သလို သင်ကိုယ်တိုင် အိုမင်းမစွမ်းဖြစ်တဲ့အခါကျရင် ဒီဥပဒေဟာ သင့်အတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီသက်ကြီးရွယ်အိုနဲ့ အိုမင်းမစွမ်းတွေကို ကူညီထောက်ပံ့ပြီးတော့ လုံခြုံစိတ်ချရတဲ့ အကာအကွယ်တွေ ပေးနိုင်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ ဒီဥပဒေကို ပိုမိုကောင်းမွန်အောင်၊ ပြည့်စုံအောင်ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ ကျွန်တော် ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ပထမအနေနဲ့ အခန်း(၁)၊ အပိုဒ်(ဂ)ကို ကျွန်တော် ဆွေးနွေးသွားပါမယ်။ အခန်း(၁)၊ အပိုဒ်(ဂ)ကတော့ အဓိပ္ပာယ်ဖွင့်ဆိုခြင်းပါပဲ၊ (ဂ)က စရိတ်ထောက်ပံ့မှုလိုအပ်သော ဘိုးဘွားဆိုသည်မှာ သား/သမီးနဲ့ မြေးများမရှိခြင်းကြောင့်ဖြစ်စေ၊ သား/သမီးနဲ့ မြေးများရှိသော်လည်း ၎င်းတို့က စွန့်ပစ်ထားခြင်း၊ လျစ်လျူရှုပြီး မထောက်ပံ့ခြင်း သို့မဟုတ် ထောက်ပံ့မှုမရှိခြင်းကြောင့်ဖြစ်စေ၊ ဆင်းရဲချို့တဲ့သော သို့မဟုတ် မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အို ဘိုးဘွားကိုဆိုသည်။ ယင်းစကားရပ်တွင် မိဘမဲ့ သို့မဟုတ် မိဘရှိသော်လည်း သား/သမီးများအား စောင့်ရှောက်ခဲ့သည့်

သွေးရင်း၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့ သွေးသားမတော်စပ်သော်လည်း ကြည့်ရှုစောင့်ရှောက်ခဲ့သည့် ပုဂ္ဂိုလ်များပါဝင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ချင်တာကတော့ သာသနာ့ဝန်ထမ်းများနဲ့ သက်ဆိုင်မှုမရှိစေရဆိုတဲ့ စကားရပ်ကို ဒီအဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ကျွန်တော် အကြံပြုပါတယ်။ ဒါကလည်း ဒီဥပဒေမှာ စရိတ်ထောက်ပံ့မှုလိုအပ်သော ဘိုးဘွားဆိုတဲ့စကားရပ်ဟာ ဒီဥပဒေမှာ ကျယ်ကျယ်ပြန့်ပြန့်သုံးထားတာရှိတဲ့အတွက် ဒီစကားရပ်ရဲ့ သက်ရောက်မှုဟာလည်း အလွန်ကျယ်ပြန့်ပြီးဖြစ်တဲ့ အတွက် အငြင်းပွားဖွယ်ရာရှိလာနိုင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဒီစကားရပ်ကို ထည့်သွင်းအကြံပြုခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ တိကျပြတ်သားတဲ့ အဓိပ္ပာယ်ပြည့်စုံမှုရှိစေရန်အတွက် လည်းဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ အခန်း(၁)၊ အပိုဒ်(၂)(ထ)ကို ကျွန်တော် ဆွေးနွေးပါမယ်။ ဒီအခန်း(၁)၊ အပိုဒ်(၂)ကလည်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းပါပဲ။ (ထ)ကဘာဆိုသလဲဆိုရင် မတရားပြုကျင့်ခြင်းဆိုရာတွင် သက်ကြီးရွယ်အိုများ အစားအသောက် သို့မဟုတ် ဆေးဝါးကို လုံလောက်စွာ မပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်း အပါအဝင်ဆိုတဲ့နေရာမှာ အပါအဝင်ရဲ့ရှေ့မှာ အလွန်အကျွံခိုင်းစေခြင်း အပါအဝင်ဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။

နောက်တစ်ခုအနေနဲ့ ဒီ (ထ) မတရားပြုကျင့်ခြင်း အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့နေရာမှာ မူလပထမပြဋ္ဌာန်းချက်မှာ အင်္ဂလိပ်ဝေါဟာရကို ထည့်ထားတာတွေ့ရပြီးတော့ ဥပဒေကြမ်းကော်မတီကပယ်ဖျက်ထားတာကို တွေ့ရပါတယ်။ ဒါကလည်း ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့နေရာမှာ သက်ကြီးရွယ်အိုတွေကို မတရားပြုကျင့်ခြင်းတစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ အခြားသော မတရားပြုကျင့်ဖွယ်ရာတွေကို ထည့်သွင်းစေချင်တဲ့ ဆန္ဒရှိတဲ့အတွက် ပိုမိုပြည့်စုံအောင်ဆိုပြီးတော့ ကျွန်တော်က ဒီမှာ အလွန်အကျွံခိုင်းစေခြင်းဆိုတဲ့ စကားရပ်ကို ထည့်ခြင်းဖြစ်ပါတယ်။

နောက်တစ်ခု နံပါတ်(၃)၊ အခန်း(၃)၊ အပိုဒ်(၄)(က)မှာ ကျွန်တော် ပြင်ဆင်ဖို့အတွက် တင်ပြသွားပါမယ်။ ဒီအခန်းကတော့ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုဆိုင်ရာ ကော်မတီဖွဲ့စည်းပုံအခန်းပါပဲ။ ဒီဖွဲ့စည်းပုံမှာ အပိုဒ်ခွဲငယ်(၁၂)မှာ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်တစ်ယောက်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက အဖွဲ့ဝင်တစ်ယောက်အဖြစ်ပါမယ်ဆိုရင် ပါဝင်စေချင်ပါတယ်။ ဒါမှသာ တိုင်းရင်းသားများအတွက် ပိုမိုပြည့်စုံသွားခြင်းနဲ့ တိုင်းရင်းသားဒေသတွေမှာ လုပ်ငန်းကော်မတီတွေ၊ ဆပ်ကော်မတီနဲ့ အသင်းအဖွဲ့တွေဖွဲ့စည်းရာမှာ အဆင်ပြေချောမွေ့စေမှာဖြစ်တဲ့အတွက် အခုလို အကြံပြုခြင်း ဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနကို အဖွဲ့ဝင်အဖြစ်ပါဝင်ဖွဲ့စည်းမယ်ဆိုရင် မူလ နံပါတ်(၁၂)ကနေပြီးတော့ (၁၃)အဖြစ်လည်းကောင်း ပြဋ္ဌာန်းချက်အတိုင်း၊ မူလနံပါတ်(၁၃)ကနေ(၁၄)အဖြစ်လည်းကောင်း ပြဋ္ဌာန်းချက်အတိုင်း၊ မူလနံပါတ်(၁၄)ကနေ (၁၅)အဖြစ်လည်းကောင်း ပြဋ္ဌာန်းချက်အတိုင်း၊ မူလနံပါတ်(၁၅)ကနေ(၁၆)အဖြစ်လည်းကောင်း ပြဋ္ဌာန်းချက်အတိုင်း၊ မူလ နံပါတ်(၁၆)ကနေ(၁၇)အဖြစ်လည်းကောင်း ပြဋ္ဌာန်းချက်အတိုင်း၊ မူလနံပါတ်(၁၇)ကနေ(၁၈)ဆိုပြီး ပြဋ္ဌာန်းချက်အတိုင်း နံပါတ်စဥ်များကို ပြင်ဆင်သွားရလိမ့်မှာဖြစ်ပါတယ်။

နောက်တစ်ခုက အခန်း(၇)၊ အပိုဒ်(၂၂)(စ)ကို ကျွန်တော် ဆွေးနွေးသွားပါမယ်။ ဒီအခန်းကတော့ ယေဘုယျ ဝတ္တရားအခန်းပါပဲ။ (စ)မှာ ဘာဆိုသလဲဆိုရင် စရိတ်ထောက်ပံ့မှု လိုအပ်သော

သက်ကြီးရွယ်အို ဆုံးပါးသွားသောအခါ ၎င်း၏စျာပနအား စီစဉ်ဆောင်ရွက်ပေးရမည်ဆိုတဲ့နေရာမှာ စီစဉ်ဆောင်ရွက်ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပြီးတော့ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးရမည်ဆိုတဲ့ စကားရပ်ကို ထည့်သွင်းချင်ပါတယ်။ ဒါကလည်း သက်ကြီးရွယ်အိုများရဲ့ နာရေးစျာပနကိစ္စတွေမှာ ကောင်းမွန်စွာ ဖြစ်စေဖို့အတွက် အကြံပြုခြင်းဖြစ်ပါတယ်။ ဒါဆိုရင် (စ)က စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အိုဆုံးပါးသွားသောအခါ ၎င်း၏ စျာပနကိစ္စကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးရမည်လို့ ဖြစ်သွားပါလိမ့်မယ်။

နောက်တစ်ခုက အခန်း(၇)၊ အပိုဒ်(၂၃)(စ)ကို ကျွန်တော် ဆွေးနွေးသွားပါမယ်။ ဒီအခန်းကတော့ နိုင်ငံတော်ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ (စ)က ဘာဆိုသလဲဆိုရင် ဤဥပဒေပါ သက်ကြီးရွယ်အိုများ၏ဆိုတဲ့နေရာမှာ သက်ကြီးရွယ်အိုများ၏ရဲ့အရှေ့မှာ မတရားပြုကျင့်ခြင်းဆိုတဲ့ စကားရပ်ကို ထည့်သွင်းချင်ပါတယ်။ ဒါမှသာလျှင် ဒီသက်ကြီးရွယ်အိုတွေရဲ့ အကာအကွယ်ကို ပြတ်ပြတ်သားသားပေးနိုင်မှာဖြစ်တဲ့အတွက် (စ)က ဤဥပဒေပါ မတရားပြုကျင့်ခြင်းနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ချိုးဖောက်သော လူပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းများ ဥပဒေပါ သတ်မှတ်ချက်နှင့်အညီ အရေးယူဆောင်ရွက်ခြင်းဆိုတာ ဖြစ်သွားပါမယ်။ ဒီလိုဖြည့်စွက်ခြင်းကလည်း သက်ကြီးရွယ်အိုများကို နောက်အိုမင်းမစွမ်းတွေကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ဖို့အတွက် ကျွန်တော် အကြံပြုခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက အခန်း(၁၂)၊ အပိုဒ်(၃၇)(ခ)ကို ကျွန်တော် ပြင်ဆင်ဖြည့်စွက်ဖို့အတွက် အကြံပြုပါမယ်။ ဒါ သက်ကြီးရွယ်အိုဆိုင်ရာ သက်သေခံ ကတ်ပြားထုတ်ပေးခြင်းနဲ့ ကိုင်ဆောင်ခြင်းဆိုတဲ့ ပုဒ်မကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ (၃၇)(ခ)ကို မပြောခင်၊ (၃၇)ရဲ့ ခြေဆင်းမှာ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးသည့် ခရိုင် သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန အရာရှိသည်၊ (ခ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားထုတ်ပေးရာတွင် စရိတ်ထောက်ပံ့မှုလိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို အမျိုးအစားခွဲခြားဖော်ပြ၍ ထုတ်ပေးရမည်ဆိုတဲ့နေရာမှာ ထုတ်ပေးပြီး ခရီးသွားလာရာတွင် ယာဉ်စီးခလျှော့ပေါ့ခွင့်နှင့် သို့မဟုတ် ကင်းလွတ်ခွင့်ကို ဆောင်ရွက်ပေးရမည်လို့ ကျွန်တော် အဲဒီလို ဖြည့်စွက်ဖို့အကြံပြုပါတယ်။ ဒါကလည်း သက်ကြီးရွယ်အိုတွေ၊ အိုမင်းမစွမ်းတွေ ခရီးသွားလာတဲ့နေရာမှာ အဆင်ပြေ စရိတ်သက်သာစေဖို့အတွက် အနီးကပ်ဆုံးဖြစ်တဲ့ မြို့နယ်လူမှုဝန်ထမ်းအရာရှိကသာလျှင် ကူညီဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် ဒါဟာ ပိုမိုထိရောက်မှာဖြစ်တဲ့အတွက် အကြံပြုခြင်းဖြစ်ပါတယ်။

နောက်အခန်း(၁၆)၊ အပိုဒ်(၆၁)ကို ကျွန်တော် ဆွေးနွေးသွားပါမယ်။ ဒီအခန်းက ပြစ်မှု၊ ပြစ်ဒဏ်အခန်းပါပဲ။ အပိုဒ်(၆၁)မှာက မည်သူမဆို ဤဥပဒေအရဆိုတဲ့နေရာမှာ မည်သူမဆို မတရားပြုကျင့်ခြင်းနှင့် ဤဥပဒေအရ ထုတ်ပြန်ဆိုတဲ့ စကားရပ်ကို ဒီမှာ ကျွန်တော် ထည့်သွင်းချင်ပါတယ်။ ဒါဆိုရင် မည်သူမဆို မတရားပြုကျင့်ခြင်းနဲ့ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား အစီရင်ခံရလျှင် ထိုသူကို (၆)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေချမှတ် ရမည်လို့ ဖြစ်သွားပါလိမ့်မယ်။ ဒါကလည်း အပိုဒ်(၂၃)(စ)နဲ့ ရှေ့နောက် ညီညွတ်မှုရှိပြီးတော့ သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို လုံခြုံမှုရှိစေရန် ပိုမိုထိရောက်စွာနဲ့ အကာအကွယ်ပေးနိုင်ရန်နဲ့

အချို့သက်ကြီးရွယ်အိုတွေဆိုရင် တောင်းရမ်းနေတာတွေ့ရပါတယ်။ တောင်းရမ်းခိုင်းတာကိုလည်း တွေ့ရပါတယ်။

**ဥက္ကဋ္ဌ**။ ။(၂)မိနစ်ပဲ ပေးမယ်။ ပြော။

**ဦးစိုးသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ဒီလိုတောင်းရမ်းခိုင်းတာ တွေ့တဲ့အတွက် ကျွန်တော် ဒီဥပဒေပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ အခန်း(၂)၊အပိုဒ်(၆၆) အထွေထွေ အခန်းကို ဒါ နောက်ဆုံးအနေနဲ့ ကျွန်တော် ဆွေးနွေးသွားပါမယ်။ (၆၆)က ဤဥပဒေအရပေးအပ်သော သက်ကြီးရွယ်အိုများနှင့် လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ သက်ကြီး ရွယ်အိုဆိုင်ရာ၊ ဥပဒေဆိုင်ရာကော်မတီနှင့် ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင်ဆိုတဲ့နေရာမှာ အဖွဲ့အစည်းဝင်ထည့်ပြီး တော့ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးရဲ့အရှေ့မှာ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမ ကြောင်းနှင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းနှင့်သော်လည်းကောင်း အရေးယူခြင်းမပြုရဆိုတဲ့ ဥပဒေကို ကျွန်တော် ပြင်ဆင်ဖို့အတွက် ကျွန်တော် ဒါအကြံပြုသွားမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ဒီဥပဒေကြမ်းကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ဒီဥပဒေကြမ်းမှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင်များရဲ့ စိတ်စေတနာများကိုလည်း တွေ့ရှိရတဲ့အတွက် ကျွန်တော် ဒီဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲရာမှာ အကောင်းဆုံး ကျွန်တော် ပိုမိုကောင်းမွန်အောင်၊ ပြည့်စုံအောင် ဆွေးနွေးရခြင်း ဖြစ်တယ်လို့ နိဂုံးချုပ်ရင်း အားလုံးကိုလေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး နဲ့တကွ ကြွရောက်လာကြတဲ့ ဧည့်ပရိတ်သတ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမှာကတော့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အဆိုပြု ပြဋ္ဌာန်းချက်နဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဇယားအား အကြံပြုချက် ကို ကျွန်တော် ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အားလုံးရဲ့ အနာဂတ်ဖြစ်တဲ့ ဒီ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့အခါမှာပဲဖြစ်ဖြစ်၊ ပြဋ္ဌာန်းဖို့ ပြင်ဆင်တဲ့အခါမှာပဲဖြစ်ဖြစ်၊ ကိုယ်ရဲ့အနာဂတ်ကိုကိုယ် ပုံဖော်တာနဲ့အတူတူပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေတစ်ရပ်အဖြစ် အတည်ပြုမပြဋ္ဌာန်းခင်မှာ ဝေါဟာရ အသုံးအနှုန်းများကိုသော်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက် များကိုသော်လည်းကောင်း၊ မလွဲမချော်ရအောင်၊ မကျန်ရစ်ရအောင် ကျွန်တော်တို့ ဂရုစိုက်ဖို့၊

မမှားယွင်းဖို့ကလည်း အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းမှာ ကျွန်တော် အဓိက အချက်၊ အပိုဒ်(၂)ပိုဒ်ကို အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။

အဲဒါကတော့ (၁)ကတော့ အခန်း(၁)၊ အပိုဒ်(၂)(ထ) က မတရားပြုကျင့်ခြင်းဆိုရာတွင် ဆိုတဲ့ အပိုဒ်ပါ။ အဲဒီမှာ ဥပဒေကြမ်းကော်မတီရဲ့ အကြံပြုချက်ကတော့ မတရားပြုကျင့်ခြင်းဆိုရာတွင် သက်ကြီးရွယ်အိုအား အစားအသောက် သို့မဟုတ် ဆေးဝါးလုံလောက်စွာမပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းစေခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် မလျော်မကန်ပြုလုပ်ခြင်း ပါဝင် သည်လို့ပါပါတယ်။ အဲဒီမှာ ကျွန်တော် ထပ်ဖြည့်ချင်တာကတော့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အထောက်အပံ့ဖြစ်စေသော စိတ်လေ့ကျင့်ခန်း သို့မဟုတ် ကိုယ်ကာယ လေ့ကျင့်ခန်းများကို ပြုလုပ်ခွင့်မပြုခြင်း သို့မဟုတ် လုပ်၍မရရန် စီစဉ်ထားခြင်းလို့ ကျွန်တော် ထပ်ဖြည့်စွက်ဖို့ အကြံပြုချင်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ သက်ကြီးရွယ်အိုတွေ ဖြစ်ပြီဆိုရင် သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ သော်လည်းကောင်း သက်ဆိုင်ရာသင့်တော်တဲ့ လေ့ကျင့်ခန်းတွေလုပ်ဖို့ ကျွန်တော်တို့ ဆောင်ရွက်ထား ပေးဖို့လိုပါတယ်။ စိုးရိမ်လွန်လို့သော်လည်းကောင်း၊ ရည်ရွယ်ချက်တစ်နည်းတစ်ဖုံနဲ့သော်လည်းကောင်း သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ဆို့ထားခြင်းအားဖြင့် ပိုပြီးတော့ ထိခိုက်နိုင်စရာတွေရှိပါတယ်။

ဥပမာအားဖြင့်ပြောရရင်တော့ ကျွန်တော်တို့ သက်ကြီးရွယ်အိုတွေ အခန်းကျဉ်းလေးထဲမှာ နေခိုင်းတာတွေ၊ လေကောင်းလေသန့်မရှိတဲ့ အနေအထားတွေမှာ နေရတာတွေ၊ ဒါတွေဟာ နောက် လမ်းလျှောက်ခွင့်မပေးတာတွေ၊ ဒါတွေက ကိုယ်ကာယနဲ့ဆိုင်ပါတယ်။ နောက် စိတ်ပိုင်းဆိုင်ရာ ဥပမာ ပြရရင်တော့ တရားထိုင်ခွင့်မရတာတို့၊ သက်ဆိုင်ရာ ဘာသာတရားနာခွင့်မရတာတို့၊ တေးသီချင်း နားထောင်ခွင့်မရတာတို့၊ နောက် သက်ကြီးရွယ်အိုအချင်းချင်းသော်လည်းကောင်း၊ အခြားပြင်ပ ဧည့်သည်နဲ့စုပေါင်း စကားပြောခွင့်၊ တွေ့ဆုံဆွေးနွေးခွင့်မရတာတို့၊ အဲဒီဟာမျိုးတွေကို ရည်ရွယ်ခြင်း ဖြစ်ပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ကတော့ အခန်း(၃)၊ အပိုဒ်(၅)(ဗ) ဖြစ်ပါတယ်။ အဲဒီမှာ သက်ကြီးရွယ်အိုများရဲ့ အခွင့်အရေးများနဲ့ ကောင်းကျိုးများအား ကာကွယ်မြှင့်တင်ရန်နှင့် ခွဲခြား ဆက်ဆံမှုများ တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင် ရန်လို့ ဥပဒေကြမ်းကော်မတီက အကြံပြုထားပါတယ်။ ကျွန်တော် ထပ်ဖြည့်ချင်တာကတော့ သက်ကြီး ရွယ်အိုများရဲ့ အခွင့်အရေးများနဲ့ ကောင်းကျိုးများအား ကာကွယ်ဆိုတဲ့နေရာမှာ ကျွန်တော် ရှာဖွေ မြှင့်တင်ရန်၊ ပြီးတော့ ဖိနှိပ်ချုပ်ချယ်မှုများ၊ မထီမဲ့မြင်ဆက်ဆံမှုများ၊ ခွဲခြားဆက်ဆံမှုများအား တားဆီး ရန်နှင့် ကာကွယ်ရန်ဆိုတာ တစ်လုံးထပ်ဖြည့်ချင်ပါတယ်။ တားဆီးရန်၊ ကာကွယ်ရန်အတွက် တည်ဆဲ ဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုသလိုပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းလို့ ကျွန်တော် အကြံပြု ဆွေးနွေးချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။(သြဘာသံများ)

**မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဖြိုးကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဗိုလ်မှူးအောင်ဖြိုးကျော်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဖြိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၄-၈-၂၀၁၆ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက အမျိုးသားလွှတ်တော်သို့ ပေးပို့တင်သွင်းလာတဲ့ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ပြင်ဆင်ဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point နဲ့ English စကားလုံး သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ ဥပဒေကြမ်းရဲ့ နောက်ဆက်တွဲ(က) အပိုဒ်(၂)၊ အမှတ်စဉ်(ဂ)ရဲ့ South Terribles Rock ဆိုတဲ့ စကားလုံးမှ Terribles စကားလုံးမှ S စာလုံးကို ဖြုတ်ချင်ပါတယ်။ S စာလုံး ဖြုတ်ခြင်းရဲ့ ရည်ရွယ်ချက်ကတော့ North Terrible Rock နဲ့ South Terrible Rock ဆိုပြီးတော့ နှစ်မျိုးရှိပြီး South Terribles Rock မှာ S ပါနေသဖြင့် ဖြုတ်ရခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ နောက်ဆက်တွဲ(က) အပိုဒ်(၂)၊ အမှတ်စဉ်(ဆ)မှ North West Group of Hnget-Taung Kyun Island စာကြောင်းမှ Kyun ဆိုတဲ့ စကားလုံးကို ဖြုတ်ဖို့တင်ပြလိုပါတယ်။ Kyun စကားလုံးဖြုတ်ခြင်းရဲ့ ရည်ရွယ်ချက်ကတော့ Kyun နဲ့ Island နှစ်မျိုးတွဲသုံး၍ မရသောကြောင့် ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ နောက်ဆက်တွဲ(က)၊ အပိုဒ်(၄) အမှတ်စဉ်(စ)မှ Western Point of Great Western Torres စာကြောင်းအစား Western Point of West Sular Island ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ရည်ရွယ်ချက်ကတော့ Western Point of Great Western Torres စာသားဟာ ၁၉၇၅ ခုနှစ်ထုတ် Admiralty Chart(216) မှာ အသုံးပြုထားတဲ့ အမည်ဟောင်း ဖြစ်ပါ

တယ်။ ၂၀၁၀ ခုနှစ်မှာ Western Point of West Sular Island ဆိုပြီးတော့ အသစ်ပြန်လည်ပြင်ဆင် သတ်မှတ်ထားပြီး ဖြစ်ပါတယ်။

စတုတ္ထအချက်အနေနဲ့ နောက်ဆက်တွဲ(က)၊ အပိုဒ်(၄) အမှတ်စဉ်(ည)မှ တစ်ပင်တိုင်ကျွန်း အစား တပင်တိုင်ကျွန်းဟုပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာစာ အရေး အသား မှန်ကန်စေရန် ဖြစ်ပါတယ်။ ပဉ္စမအချက်အနေနဲ့ နောက်ဆက်တွဲ (ခ)အပိုဒ် (၁) ရဲ့ စာကြောင်းရေ (၅)ခုမြောက်မှာ စက်ဝိုင်းစာသားအစား စက်ဝန်းဟု ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့ ရည်ရွယ်ချက် ကတော့ မြန်မာစာအရေးအသား မှန်ကန်စေရန် ဖြစ်ပါတယ်။ ဆဋ္ဌမအချက်အနေနဲ့ နောက်ဆက်တွဲ (ခ)၊ မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ် အပိုဒ် (၁)မှတ်ချက်ရဲ့ ဒုတိယမြောက် စာကြောင်းမှာ ၁၉၇၉ ခုနှစ်ထုတ် ရေပုံအမှတ် (၄၁)အစား ၁၉၇၉ ခုနှစ်ထုတ် အိန္ဒိယရေပုံအမှတ် (၄၁)ဟု ပြင်ဆင်လိုပါ တယ်။ ပြင်ဆင်လိုတဲ့ ရည်ရွယ်ချက်ကတော့ အိန္ဒိယနိုင်ငံထုတ် ရေပုံအမျိုးအစားဖြစ်သောကြောင့် အိန္ဒိယ စကားလုံးကျန်နေခဲ့၍ ထပ်မံဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာဆိုရင် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းနဲ့ ကျွန်းပေါင်းများစွာ ကိုပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံပိုင်နက် ပင်လယ်ပြင်မှ ရေပေါ်ရေအောက် သယံဇာတတွေ၊ ရေနံသဘာဝဓာတ်ငွေ့စတဲ့ စီးပွားရေး လုပ်ငန်း များစွာကို စနစ်တကျ ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ ကုန်းမြေပေါ်မှာရှိတဲ့ ကျွန်းသစ်များ၊ အဖိုးတန် ကျောက်မျက်ရတနာတွေဟာလည်း ကြာလာတာနဲ့အမျှရှားပါးလို့ ကုန်စပြုနေပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပင်လယ်ပြင်ရေနက်ပိုင်းက ရှာဖွေမထုတ်လုပ်ရသေးတဲ့ ရေနံသဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တု တွေကို ပိုင်ပိုင်နိုင်နိုင်ရှာဖွေထုတ်လုပ်ဖို့အတွက် ဥပဒေနဲ့အညီဆောင်ရွက်နိုင်ရန် ယခုတင်ပြလာတဲ့ မြန်မာ့ပိုင်နက်ပင်လယ်နဲ့ ပင်လယ်ဇုန်များ ဥပဒေဟာလည်း အလွန်အရေးကြီးလှပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အသစ်ပြန်လည်ရေးဆွဲ နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်မှ စတင်ကာ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဦးဆောင်ဖွဲ့စည်းတဲ့ဥပဒေသစ်ရေးဆွဲရေး ကျွမ်းကျင်မှုအဖွဲ့မှာ ရေတပ်ပင်မ တိုင်းတာရေးတပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဥပဒေအကြံပေး ပုဂ္ဂိုလ်များပါဝင်ပြီးတော့ အစည်းအဝေးအကြိမ်ကြိမ်ပြုလုပ်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အဆိုပါ ဥပဒေသစ်မူကြမ်းအား စိစစ်ပြီးတော့ ဥပဒေရေးထုံးရေးနည်းနဲ့အညီ ရေးသားအတည်ပြုခဲ့ခြင်းဖြစ်တဲ့ အတွက် အကျိုးအကြောင်းဆီလျော်မှုရှိစေရန်နဲ့ မြန်မာစာအရေးအသား ပိုမိုကောင်းမွန်စေရန်အတွက် အထက်ဖော်ပြပါ ပြင်ဆင်ဖြည့်စွက်ချက်များသာ ထပ်မံဖြည့်စွက်ရန် အကြံပြုလိုခြင်း ဖြစ်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တိုက်တွန်းအကြံပြုချက်အနေနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ နိုင်ငံတကာသို့ ဈေးပြိုင်လေလံခေါ်ယူမယ့် ဘင်္ဂလားပင်လယ်အော်အတွင်းမှာရှိတဲ့ သဘာဝ ဓာတ်ငွေ့လုပ်ကွက်များဟာ မိမိရေပြင်ပိုင်နက်အတွင်း ရောက်ရှိနေခြင်း ရှိ/မရှိအား တိကျစွာ စစ်ဆေး နိုင်ရန်လိုအပ်ပါတယ်။ နှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့ ပင်လယ်ပြင်ဥပဒေဆိုင်ရာခုံရုံး ITLOS မှ ချမှတ်ပေးခဲ့တဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်အား ရေပုံပေါ်မှာ နှစ်နိုင်ငံ သဘောတူအတည်ပြုရေးဆွဲခြင်း Ratify ကို အမြန်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်း အကြံပြုအပ် ပါတယ်။ အဆိုပါမျဉ်းနဲ့ဆက်စပ်လျက်ရှိတဲ့ ပင်လယ်ဇုန်များမှာ ရေပေါ်ရေအောက် သယံဇာတ ရှာဖွေ ခြင်းနဲ့ နှစ်နိုင်ငံပိုင်နက် ရေပြင်ဖြတ်သန်းမှု အစရှိတဲ့ ကိစ္စရပ်များကို တိတိကျကျ ဖော်ပြထားခြင်းမရှိတဲ့

အတွက် နှစ်နိုင်ငံလိုက်နာဆောင်ရွက်ရမယ့် အချက်များကို ဆွေးနွေးညှိနှိုင်း သဘောတူလက်မှတ်ရေးထိုးရန် လိုအပ်နေပါသဖြင့် အမြန်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်း အကြံပြုရင်း ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


မြန်မာ့ပိုင်နက်ပင်လယ်ပြပုံ (၃)




မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ် နယ်နိမိတ်မျဉ်းအား ရေပုံပေါ်တွင် နှစ်နိုင်ငံ သဘောတူ အတည်ပြုရေးဆွဲခြင်း (Ratify)ပြုလုပ်နိုင်ရေး အမြန်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းအကြံပြုချက်ပြပုံ (၃-၁)



အဆိုပါမျဉ်းနှင့်ဆက်စပ်လျက်ရှိသော ပင်လယ်ဇုန်များတွင် ရေပေါ်ရေအောက် သယံဇာတရှာဖွေခြင်း နှင့် နှစ်နိုင်ငံပိုင်နက်ရေပြင် ဖြတ်သန်းမှုအစရှိသော ကိစ္စရပ်များတွင် ဆွေးနွေးညှိနှိုင်းသဘောတူ လက်မှတ်ရေးထိုးရန် လိုအပ်နေသောကြောင့် အမြန်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းအကြံပြုချက်ပုံ (၃-၂)




**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ လေ့လာသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပြီး မြန်မာ့ပင်လယ်ပိုင်နက်နဲ့ ပင်လယ်ဇုန်များ ဥပဒေကြမ်းအား ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ State ဆိုတဲ့ နိုင်ငံတော်တစ်ခု ဖြစ်တည်ဖို့ရာ Defined territories သတ်မှတ်နယ်နိမိတ်၊ Population နိုင်ငံသားများ၊ Government Sovereignity အစိုးရအချုပ်အခြာအာဏာနဲ့ Capacity to enter into relationship with other States ဆိုတဲ့ အခြားတိုင်းပြည်များနဲ့ ဆက်စပ်မှု အရည်အချင်းတွေဖြစ်တယ်လို့ Monteventio Convention မှာဆိုထားပါတယ်။ ဒါကြောင့်မို့လို့ ယခုပြဋ္ဌာန်းမယ့် ဥပဒေဟာ အချုပ်အခြာအာဏာ အတွက် အလွန်အရေးကြီးတဲ့ နိုင်ငံတကာဆိုင်ရာကိစ္စဖြစ်နေပါတယ်။ ကျွန်တော်ဆွေးနွေးလိုတဲ့ ဥပဒေပါ အကြောင်း

အရာကတော့ အခန်း(၂)နဲ့ မိမိတို့ မြန်မာ့သဘာဝနဲ့ သယံဇာတများကို ကာကွယ်ဖို့ ပြည်တွင်းမှာလည်း ကန့်သတ်ဇုန်နယ်မြေများကို ဖွံ့ဖြိုးပြီးနိုင်ငံများက နမူနာကိုယူကာ သတ်မှတ်ဇုန်များ ထားသင့်ကြောင်း ဆိုတဲ့ အချက်(၂)ချက် ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ကတော့ အထက်ပါဥပဒေ အခန်း(၂)၊ အပိုဒ်(၆)(ဂ)မှာ နိုင်ငံခြား ငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်းပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိ နေကျအတိုင်း စနစ်တကျထားရှိရမယ်လို့ ဆိုပါတယ်။ ပုံမှန်အားဖြင့် ကျွန်တော်တို့ မည်သည့် သင်္ဘော မဆို အပြင်သွားရင် ဒီလိုထားတာဟာ မထူးခြားပါဘူး။ ဒါပေမဲ့ ဆိုလိုတဲ့ အဓိပ္ပာယ်က ဒီမှာ သင်္ဘော တွေ သွားတဲ့အခါမှာ နိုင်ငံခြားသင်္ဘောတွေဟာ သူတို့ရဲ့ Fish Finder ဆိုတဲ့ ငါးတွေရှာဖွေပြီးတော့ နောက် အခြားလျှပ်စစ်ပစ္စည်းတွေနဲ့ ငါးရှိတဲ့ နေရာတွေကိုရှာဖွေပြီး ငါးခိုးဖမ်းမယ့် အန္တရာယ်မှ ကာကွယ်လိုတဲ့ အဓိပ္ပာယ်ရှိတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်မှာ ငါးဖမ်း သည့် စက်များနှင့် ပစ္စည်းကိရိယာများလို့ ဖြည့်စွက်ပြင်ဆင်လိုပါတယ်။

ဒုတိယအချက်ကတော့ ဖြည့်စွက်အကြံပြုခြင်းဖြစ်ပါတယ်။ အခန်း(၂)မှာ ရည်ရွယ်ချက်များ ကို သီးသန့်အသစ် ဥပဒေမူကြမ်းမှာ ဖြည့်စွက်ခြင်းကို ထောက်ခံပါတယ်။ သို့သော် ထိုအချက်များ အကောင်အထည်ဖော်စေရန် မိမိတို့ မြန်မာ့ရေပိုင်နက်အတွင်းမှာလည်း Native Ecosystem ဆိုတဲ့ မူရင်းဒေသရှိ ဂေဟစနစ်ထိန်းသိမ်းတဲ့ ဇုန်များနဲ့ အစီအမံများ ယခုကတည်းက ကြိုတင်ဆောင်ရွက် ထားသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဥပမာ မိုင်ပေါင်း(၁၃၈၅)မိုင်ခန့်ရှိတဲ့ ကျွန်းပေါင်း (၆၉၀) ကျော်ရှိတဲ့ ရခိုင်ကမ်းရိုးတန်းဒေသနဲ့ တနင်္သာရီကမ်းရိုးတန်းဒေသတို့မှာ နိုင်ငံခြား အသွားအပြန်ရှိတဲ့ သင်္ဘောများဟာ Ballast Water ခေါ်တဲ့ သင်္ဘောကိုယ်နဲ့ ရေစူးကို ထိန်းညှိတဲ့ ပင်လယ်ရေတွေဟာ မူရင်းဒေသနဲ့ကွဲပြားပါက တခြားနိုင်ငံမှလာတဲ့ ထိုရေတွေ စွန့်ထုတ်ရေများကြောင့် ဂေဟစနစ် ပျက်ပြားကာ လူများရဲ့ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံမှာ Ballast Water Management System အတွက် စတင်ဆောင်ရွက်နေပါ တယ်။ အခြားနိုင်ငံတွေကိုလည်း ပါဝင်ဆောင်ရွက်ဖို့လည်း ကျွန်တော်တို့ စည်းရုံးပြီးတော့ လှုံ့ဆော်နေ ပါတယ်။ အခြားနိုင်ငံများပါတဲ့ ပင်လယ်ရေတွေကိုတော့ အမေရိကန်နိုင်ငံမှာဆိုရင် International Water Zone မှာပဲ စွန့်ပစ်ပြီးတော့ ဆိပ်ကမ်းကို ဝင်စေပါတယ်။

ဒီလုပ်ငန်းတွေကိုတော့ Coast Guard ဆိုတဲ့ အဖွဲ့အစည်းတွေက တာဝန်ယူဆောင်ရွက် ပါတယ်။ ထို့အပြင် ကမ်းရိုးတန်းတစ်လျှောက်မှာလည်း ပင်လယ်ဆိပ်ကမ်းများဖြစ်တဲ့ မြန်မာနိုင်ငံမှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ပုသိမ်၊ ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်နဲ့ ကော့သောင်းတို့အပြင် မကြာခင် ထားဝယ်နဲ့ ရခိုင်ဒေသတို့မှာ ရေနက်ဆိပ်ကမ်းများ ပေါ်လာမှာဖြစ်ပါတယ်။ လက်ရှိ အခြေ အနေအရ သင်္ဘောအစီးရေ (၂၀၀၀)ခန့်ဟာ နေ့စဉ် မြန်မာနိုင်ငံဆိပ်ကမ်းတွေကို ဝင်ထွက်သွားနေကြ ပါတယ်။ ၎င်းသင်္ဘောများမှ Marine Pollution and Air Pollution ရေထုညစ်ညမ်းမှုနဲ့ လေထု ညစ်ညမ်းမှုကိုလည်း အမြဲဖြစ်စေနေပါတယ်။ ဒီသင်္ဘောတွေက စက်သုံးဆီ၊ အန္တရာယ်ရှိသော ကုန်ပစ္စည်း၊ အရည်အခဲတွေ ပင်လယ်ထဲကို စွန့်ပစ်နိုင်ပါတယ်။ ထို့အပြင် သင်္ဘောမှ မီးခိုးတွေ ထုတ်လွှတ်နေတယ်။ ဒါကြောင့်မို့လို့ IMO -International Maritime Organization နိုင်ငံတကာ ပင်လယ်ပြင်ဆိုင်ရာ အစည်းအဝေးမှ ရေထု၊ လေထု ညစ်ညမ်းမှု ထိန်းသိမ်းရေးအတွက် တားမြစ်ချက်

အဖြစ် Marpol 73/78 Annex-I-VI အထိထုတ်ပြန်ခဲ့ပါတယ်။ Marine Pollution ကို ရေပြင် ညစ်ညမ်းမှုထိန်းသိမ်းဖို့အတွက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။

အထက်ပါအချက်များနဲ့ လိုက်လျောညီထွေရှိတဲ့ ကန့်သတ်နေရာတွေ၊ ဇုန်တွေကိုလည်း ကျွန်တော်တို့နိုင်ငံမှာ အနာဂတ်အတွက် ရည်ရွယ်ကာ စီမံထားသင့်ကြောင့်လည်း အကြံပြုလိုပါတယ်။ ဥပမာ Annex-VI ဟာ လေထုညစ်ညမ်းမှု ထိန်းသိမ်းဖို့ ဖြစ်ပြီးတော့ နိုင်ငံတကာ ရေကြောင်းဇုန်မှာ ကျွန်တော်တို့ သင်္ဘောစလိုက်ကတည်းက ၁၉၁၂ ခုနှစ်အထိ (4.5)၊ (၄.၅)ရာခိုင်နှုန်းပါတဲ့ Sulphur ပါတဲ့ ဆီတွေကို သုံးစွဲရပါတယ်။ ယခု ခွင့်မပြုတော့ပါဘူး။ (3.5)Percent ပဲပါတဲ့ ဆီတွေကို ၁၉၁၂ ခုနှစ်၊ ဩဂုတ်လကတည်းကစပြီး ကန့်သတ်လျှော့ချခဲ့ပါတယ်။ တဖန် ဒီ ကျွန်တော်တို့ နိုင်ငံကိုဝင်တဲ့ သင်္ဘောတင်မက နိုင်ငံတကာ သင်္ဘောတွေဟာ Nitrogenoxide-$No_x$၊ Sulphurdioxide-$So_x$၊ Carbontetra Fluoride Gas တွေဟာ ထုတ်လွှတ်လေ့ရှိပါတယ်။ ဒီ Gas ၊ ဒီဓာတ်ငွေ့တွေကြောင့်၊ အက်စစ်မိုးရွာခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်ခြင်း ဖြစ်စေပြီး သဘာဝ နဲ့ သက်ရှိသတ္တဝါတွေအတွက် ဘေးအန္တရာယ် ဖြစ်စေပါတယ်။ အဲဒါကို တားဆီးတဲ့အနေနဲ့တော့ ဥရောပနိုင်ငံ၊ အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေမှာ စက်သုံးဆီကို Sulphur ပါဝင်နှုန်း 1 Percent အထိသူတို့နိုင်ငံရဲ့ E.E.Z ခေါ်တဲ့ (Exclusive Economic Zone)အထူးသီးသန့်စီးပွားရေးဇုန်တွေမှာ ကန့်သတ်ထားပါတယ်။ နောက် အင်္ဂလိပ်ရေလက်ကြားစတဲ့ နေရာတွေကို ကျွန်တော်တို့ ဖြတ်သွားတဲ့ အခါ ဥရောပဆိပ်ကမ်းတွေမှာဝင်တဲ့အခါမှာ ကျွန်တော်တို့ 1 Percent ကို သုံးရပြီးတော့ များသော အားဖြင့် ဥရောပဆိပ်ကမ်းအားလုံးဟာ Emission Control Area(ECA) အဖြစ် သတ်မှတ်ပြီးတော့ ဆိပ်ကမ်းကပ်ခါနီးမှာ 0.1 Percent အထိ သူတို့ဟာ 0.1 Percent ပဲ သုံးခွင့်ပြုထားပါတယ်။

တင်ပြလိုတဲ့ အဓိပ္ပာယ်ကတော့ သူတို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ကို Sustainable Development အမြင်နဲ့ ထိန်းသိမ်းဖို့အတွက် ပြုလုပ်ထားခြင်း ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ နမူနာယူရပါမယ်။ Annex-IV ဆိုတဲ့ နံပါတ်(၄) ကန့်သတ်ချက်ကတော့ သင်္ဘောရဲ့မိလ္လာစနစ်နဲ့ ရေဆိုးစနစ် ထုတ်လုပ်မှု ထိန်းသိမ်းခြင်းဖြစ်ပြီးတော့ နိုင်ငံအလိုက် စွန့်ထုတ်ရမယ့် နေရာတွေ၊ ဇုန်တွေ ကို သတ်မှတ်ပေးထားတာ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံကလည်း ဒီ နိုင်ငံခြားသင်္ဘောတွေကို ဒီလိုသီးသန့် သတ်မှတ်ပေးထားမယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်။ များသောအားဖြင့် ဆက်စပ် ဇုန် Contiguous Zone တွေမှာတော့ ခုနက Annex- IV ကို သုံးခွင့်ရှိပါတယ်။ Annex-V ကတော့ သင်္ဘောတွေရဲ့ အမှိုက်တွေစွန့်ပစ်ခြင်း ကန့်သတ်ချက်ဖြစ်ပါတယ်။ အဲဒီမှာ Garbage Control Plan နဲ့ Record တွေ သင်္ဘောတွေမှာ ထားရှိပြီးတော့ ကျွန်တော်တို့ပလတ်စတစ်လုံးဝ ပင်လယ်ထဲ မပစ်ရ ပါဘူး။ သင်္ဘောက အစားအသောက် အကြွင်းအကျန်တွေကိုလည်း ကြိတ်ချေပြီးမှ ကျွန်တော်တို့ရဲ့ ပင်လယ်ဆက်စပ်ဇုန်တွေမှာ ပစ်ခွင့်ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ Port Authority နဲ့ ဆိပ်ကမ်း အာဏာပိုင်တွေနဲ့ Coast Guard တွေက တာဝန်ယူဖြေရှင်းပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်တင်သင်္ဘောများအတွက် ညစ်ညမ်းမှုတားဆီး သော ဥပဒေများနဲ့ ဇုန်များသတ်မှတ်သလို ငါးဖမ်းသင်္ဘောများလည်း ရေထွက်သဘာဝမလိုအပ်ဘဲ ပြုန်းတီးမှုမရှိစေရန် မြန်မာ့ပင်လယ် ပိုင်နက်အတွင်းမှာ စနစ်တကျ သုတေသနလုပ်ကာ ဇုန်များ ခွဲ ထားသင့်ပါကြောင်းနဲ့ ကျွန်တော်တို့ နိုင်ငံဟာ (LDC-Least Development Country) ဘဝကနေ

ချမ်းသာသော၊ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတစ်ခုဖြစ်ဖို့ အတော်ရုန်းကန်ကြရပါလိမ့်မယ်။ ချမ်းသာဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရင်းနဲ့ မိမိတို့ရဲ့ Natural and Heritage Resource သဘာဝအရင်းအမြစ် အမွေအနှစ်များကို ကာကွယ်ကြပါစို့လို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဥပဒေကြမ်းရဲ့ အပိုဒ်(၂) အပိုဒ်ခွဲ(ဂ)မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနကို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီ ဥပဒေကြမ်းရဲ့ အပိုဒ်(၄၂)မှာ အဲဒီ သက်ဆိုင်ရာဝန်ကြီးဌာနစကားရပ် ပါ ပါတယ်။ ဒါပေမဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ အပိုဒ် (၃) (စ)မှာ သက်ဆိုင်ရာဆိုတဲ့ စကားလုံးကို ဖြုတ်ပယ်ထားပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအစား သက်ဆိုင်ရာကို ဖြုတ်ပစ်ပြီး ဝန်ကြီးဌာနလို့ ပြင်ဆင်သင့်ပါတယ်။

နောက် အပိုဒ် (၂)(ဈ)ဖြစ်ပါတယ်။ ရေယာဉ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဥပဒေကြမ်းရဲ့ အစီရင်ခံစာ စာပိုဒ်(၃) (ခ)မှာ အပိုဒ်ခွဲ(ဈ)တစ်ခုလုံးကို ပယ်ဖျက်ထားပါတယ်။ (ဈ)ရဲ့ ဖွင့်ဆိုချက်ကို ဆက်လက်ထားရှိသင့်ပါတယ်။ ဒီခေတ်ကြီးမှာ လေထဲမှာ၊ ရေထဲမှာ Drone ယာဉ်တွေလို အမည်မသိ ယာဉ်တွေက ပေါ်များပါတယ်။ အဲဒါကြောင့် ဒီ အဓိပ္ပာယ်သတ်မှတ်ချက်ကို ဆက်ပြီးတော့ ထည့်ထားသင့်ပါတယ်။ နောက်ပြီးတော့ အပိုဒ်(၆)အပိုဒ်ခွဲ(င)မှာ ပိုင်နက်ပင်လယ်ပြင်အတွင်း ဖြတ်သန်းစဉ်ဆိုတဲ့ စကားရပ် ပါ ပါတယ်။ အပိုဒ်(၆)ရဲ့ ခေါင်းစဉ်မှာလည်း အဲဒီစကားရပ်ပဲ ပါနေပြီးသားဖြစ်တဲ့အတွက် နှစ်ခါထပ်နေပါတယ်။ အပိုဒ်ခွဲ(င)မှာပါတဲ့ ပိုင်နက်ပင်လယ်ပြင်အတွင်း ဖြတ်သန်းစဉ်ကို ဖြုတ်သင့်ပါတယ်။ နောက်ပြီးတော့ ဒီ အပိုဒ်(၆)ရဲ့ ခေါင်းစဉ်ကို ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုလုပ်နေစဉ်ဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။ ဘာလို့လဲဆိုရင် ဒီဟာနဲ့ သဘောချင်းတူတဲ့ တခြားအပိုဒ်တွေရဲ့ ခေါင်းစဉ်တွေမှာလည်း အပြစ်ကင်းသော ဖြတ်သန်းမှုဆိုတာ စကားရပ် ပါနေလို့ ဖြစ်ပါတယ်။

နောက်တစ်ခုက အပိုဒ်(၇)အပိုဒ်ခွဲ(င)မှာ ရေယာဉ်ပေါ်သို့ မည်သည့်ယာဉ်အမျိုးအစားကို မဆို အတက်အဆင်းပြုလုပ်ခြင်း သို့မဟုတ် အတင်အချပြုလုပ်ခြင်းလို့ ဖော်ပြထားပါတယ်။ သဘောရိုးနဲ့ အသက်ကယ်ဖောင်၊ အသက်ကယ်ရေယာဉ်တွေကို တင်တာချတာတွေဟာ ဒီဥပဒေနဲ့ငြိနေသလို ဖြစ်ပါတယ်။ ဒီအပိုင်းဟာ လုံခြုံရေးနဲ့ စစ်ရေးအတွက်ဆိုရင်လည်းပဲ တခြားအပိုဒ်တွေက ကာကွယ်ထားပြီးသား ဖြစ်ပါတယ်။ နောက်အပိုဒ်(၇)(ဈ)မှာ ငါးလုပ်ငန်းပြုလုပ်ခြင်းဆိုတဲ့ စာသား သိပ်မရှင်းပါဘူး။ ဒီထက် လူထုနားလည်အောင် ရေးသင့်ပါတယ်လို့ အကြံပြုချင်ပါတယ်။ ပြည်သူလူထုကို ရှင်းပြဖို့အတွက် ပွင့်လင်းမြင်သာမှုရှိဖို့အတွက် ဖော်ပြထားတဲ့အပိုဒ်တွေကိုလည်း ဒီ ဥပဒေကြမ်းထဲမှာ

တွေ့နေရပါတယ်။ နောက် အပိုဒ်(၇)(ဠ)မှာ ရေအောက်ကေဘယ်လ်ကြိုး၊ ရေအောက်ရေနံဓာတ်ငွေ့ ပိုက်လိုင်းစသည်ဖြင့် တိတိကျကျ ဖော်ပြသင့်ပါတယ်။ ဒီ ဥပဒေကြမ်း အပိုဒ်(၃၁) အပိုဒ်ခွဲ(စ)မှာ ပိုက်လိုင်းဆိုတဲ့ စကားရပ်ကို သုံးထားတာတွေ့ရှိရပါတယ်။ နောက် အပိုဒ်(၉)(ခ) သက်ဆိုင်ရာ ရေယာဉ်သည်ဆိုရာမှာ အပေါ်မှာ ဘာခြေဆင်းမှ ဖော်ပြမထားတဲ့အတွက် နိုင်ငံခြားရေယာဉ်လား၊ နိုင်ငံပိုင်ရေယာဉ်လားဆိုတာ မသဲကွဲဘူးဖြစ်နေပါတယ်။ တခြားအပိုဒ်တွေမှာ နိုင်ငံခြားရေယာဉ် ဆိုပြီးတော့ ထပ်တလဲလဲ သုံးထားတဲ့အတွက် သက်ဆိုင်ရာဆိုတဲ့ စကားရပ်နေရာမှာ နိုင်ငံခြားဆိုတဲ့ စကားရပ်နဲ့ အစားထိုးသင့်ပါတယ်။

နောက်အပိုဒ်(၁၃) ခြေဆင်းမှာ ဖမ်းဆီးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းဆိုတဲ့ စကားရပ်ကို တွေ့ရပါတယ်။ တက်ရောက်ရှာဖွေခြင်းကို နောက်ထပ်ဖြည့်ပေးသင့်ပါတယ်။ ဘာလို့လဲဆိုရင် အခန်း(၄) သီးသန့်စီးပွားရေးဇုန်၊ အပိုဒ်(၂၇)မှာ တက်ရောက်ခြင်း စကားရပ်ကို တွေ့ရှိရပါတယ်။ အကြမ်းဖက်မှုတွေ ထွန်းကားလာနေတဲ့အတွက် နိုင်ငံတကာမှာ တက်ရောက်ရှာဖွေခြင်း လုပ်နေတာ တွေရှိပါတယ်။ နောက်အပိုဒ် (၂၉)၊ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတပစ္စည်းများ ဆိုရာတွင် ဆိုပြီးတော့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ အဲဒီ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိုက်ရိုက်ရည်ညွှန်း အသုံးပြုတာ ကို နောက်ပိုင်းမှာ မတွေ့ရှိရပါဘူးဆိုတော့ အပိုဖြစ်နေသလိုရှိပါတယ်။ ပြီးတော့ ဒီဥပဒေကြမ်း အပိုဒ်(၂)(ဠ)မှာလည်း သဘာဝသယံဇာတဆိုသည်မှာလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဖြစ်ပါတယ်။ အပိုဒ်(၂၉)နှင့် အပိုဒ်(၂) (ဠ)တို့ဟာ တစ်နည်း နည်းနည်းကွဲနေတဲ့အတွက် တူညီအောင် လုပ်ဆောင် သင့်ပါတယ်။ နောက် အခန်း(၆)ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခြင်း ခေါင်းစဉ်ဖြစ်ပါတယ်။ အပိုဒ်(၃၂) ရဲ့ အဆုံးမှာ တတိယနိုင်ငံ၏ ပင်လယ်ပိုင်နက်အတွင်းသို့ ဝင်ရောက်သွားလျှင် လည်းကောင်း၊ ရပ်ဆိုင်း သည်လို့ ဖော်ပြထားပါတယ်။ အပြစ်ရှိတဲ့ ရေယာဉ်ဖြစ်လို့ ဆက်လက်တရားစွဲ ဆိုဖို့ဆိုတဲ့ စကားရပ်ကို ဒီ ဥပဒေမှာ ထည့်ပေးဖို့လိုအပ်တယ်လို့ ယူဆပါတယ်။ နိုင်ငံတကာနဲ့ ကိုက်ညီဖို့တော့ လိုပါတယ်။ သို့ပေမယ့်လည်း အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်လို့ မကိုက်ညီရင်လည်းပဲ ကိုယ့်နိုင်ငံအတွက် ဆွဲထားတာတွေ ဒီရေကြောင်း ဥပဒေမှာ တွေ့ရပါတယ်။ နိုင်ငံတကာမှာ ဒီလိုလွှတ်ပေးလိုက်တာမျိုး ရှိသလားလို့လည်း သိဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ရှည်လျားတဲ့ ကမ်းရိုးတန်းရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ပတ်ဝန်းကျင် နိုင်ငံတွေထက်လည်း ရှည်ပါတယ်။ အဲဒါကြောင့် ဒီဥပဒေဟာ အရေးကြီးတဲ့ ဥပဒေဖြစ်ပါ တယ်။ နိုင်ငံတကာနဲ့ ပတ်သက်နေတာလည်း ဖြစ်ပါတယ်။ ရေပြင်ချင်းဆက်စပ်နေတဲ့ နိုင်ငံတွေဟာ မကြာခဏ ပြဿနာဖြေရှင်းရလေ့ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံလည်းပဲ ပြဿနာဖြစ်ဖူးပါတယ်။ ပင်လယ်ပြင်ဥပဒေခုံရုံး ITLOS ကို ကျွန်တော်တို့နိုင်ငံတက်ရောက်ဖူးပါတယ်။ နောင်လည်း ပြဿနာ ရှိလာနိုင်တဲ့အတွက် ပင်လယ်ပြင်နဲ့ ပင်လယ်ဇုန်ဆိုင်ရာ နိုင်ငံတကာအဆင့်မီ ဥပဒေပညာရှင်တွေ မွေးထုတ်ဖို့လည်း လိုအပ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ ထိုင်းနိုင်ငံတို့မှာ ကျွန်တော်တို့ထက် ရေပြင် ဧရိယာနဲ့ ကမ်းရိုးတန်းနည်းပေမယ့် ပညာရှင်တွေ ကျွန်တော်တို့ထက် အများကြီးသာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းမှာ ရေနံတူးစင်နဲ့ ပိုက်လိုင်းတွေကို၊ နောက် ပင်လယ်ထဲက ကျွန်းတို့၊ ရှေးဟောင်းပစ္စည်းတို့၊ ငါးအုပ်တွေ၊ လေကြောင်းနဲ့ အာကာသက ကျလာတဲ့ အရာဝတ္ထုတွေ၊ ယာဉ်တွေအတွက် တိုက်ရိုက်ကာကွယ်ထားတာတွေ အားနည်းတာတွေ့ရပါတယ်။ နိုင်ငံရဲ့ ရေကြောင်း

ဆိုင်ရာ စာချုပ်တွေကိုလည်း ပိုပြီးခိုင်မာအောင် ဆွဲထားတဲ့ အပိုဒ်တွေကိုလည်း မတွေ့ရပါဘူး။ အပိုဒ် (၂၄) အပိုဒ်ခွဲ(င)မှာ ကုလသမဂ္ဂကွန်ဗင်းရှင်း ၁၉၈၂ ကိုတော့ ထည့်သွင်း အားဖြည့်ထားသလိုမျိုး လုပ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုရင် ရေနံတူးစင်တွေ ဟိုဘက် ဒီဘက် အပြိုင်အဆိုင်ရှိနေပါတယ်။ မောင်တောမြို့အဝင် နတ်မြစ်ရေကြောင်းလမ်းမှာလည်း အပြိုင်အဆိုင်လုနေရတဲ့ အနေအထားရှိပါတယ်။ ရေကြောင်းက သူတို့အထဲမှာရှိပေမယ့် သောင်နဲ့ မြေပြင်တွေက ကျွန်တော်တို့ဘက်မှာ အများကြီးရှိပါတယ်။ လိုအပ်ရင်လည်း ကျွန်တော်တို့ သောင်တွေ ကိုယ့်မြေထဲက မြေတူးဖို့ကိစ္စတွေကိုလည်းလိုအပ်ရင် ထည့်ဆွဲရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က သူများနိုင်ငံရေပြင်ကနေပြီး စစ်သင်္ဘောတွေ အပါအဝင် ကုန်သွယ်ရေကြောင်း သင်္ဘောတွေ သူတို့ အထဲကနေပြီး ဖြတ်သွားနေရပါတယ်။ ၁၉၇၄ မှာ နှစ်နိုင်ငံသဘောတူညီချက် ရှိခဲ့တာကိုလည်း စာချုပ် မဖြစ်ပေမယ့် ဒီနေရာမှာ ပိုပြီးတော့ခိုင်မာအောင် ဒီဥပဒေကြမ်းမှာ အပိုဒ်တွေမှာ ထည့်သွင်းပေးသင့် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းဟာ နိုင်ငံတကာနဲ့လည်း ပတ်သက်တယ်။ နောက် ပင်လယ်ပြင်မှာလည်း ရှိနေတယ်။ နိုင်ငံအချုပ်အခြာအာဏာနဲ့လည်း ပတ်သက်နေတဲ့အတွက် ကျွန်တော် တို့ လွှတ်တော်အမတ်တွေ အပါအဝင် ဒီ ပြည်သူလူထုရဲ့ လက်လှမ်းမမီတဲ့ အနေအထားမှာ ရှိပါတယ်။ သို့သော်လည်း ကျွမ်းကျင်တဲ့ပညာရှင်က ဒီဥပဒေကိုရေးဆွဲ၊ အစိုးရက ကာကွယ်စောင့်ရှောက်ရုံနဲ့ ကတော့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ ပြည်သူ၊ ပြည်သားတွေကလည်း ဒီ ဥပဒေသိရှိပြီး နိုးနိုး ကြားကြားနဲ့ ဒီဟာတွေကိုလည်း လေ့လာထားပြီးမှ ပင်လယ်ရေပြင်ကိုလည်း စောင့်ကြည့်ဖို့ လိုအပ် တယ်ဆိုတဲ့အကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ က ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ သိပ္ပံ၊ နည်း ပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းတို့နှင့် ပြည့်စုံ ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ တာဝန် ယူဆောင်ရွက်ခဲ့တဲ့ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့် လိုက်လျောညီထွေမှု ရှိစေရန် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရန်အလို့ငှာ ဥပဒေအမှတ် ၅/၉၄ ဖြစ်သော သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေး ဥပဒေကို ရုတ်သိမ်းပြီး သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကို အသစ်ပြဋ္ဌာန်းနိုင်ရေး အတွက် ဥပဒေကြမ်းအား ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေ (မူကြမ်း)ကို ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ ကိုယ်စားလှယ်များအား ဖိတ်ခေါ်၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး သဘောထားမှတ်ချက်များတောင်းခံ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ သိပ္ပံ၊ နည်းပညာ နှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းတွင် အခန်းပေါင်း (၁၂)ခန်း နှင့် ပုဒ်မ (၃၃) ခု ပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် ရရှိနိုင် မည့် အကျိုးကျေးဇူးများကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အသီးသီး၌ ဦးစားပေး အစီအစဉ်အလိုက် အောင်မြင်စွာ ဆောင်ရွက် နိုင်မည် ဖြစ်ခြင်း။

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာတ အရင်းအမြစ်များအား စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာကိုအခြေခံသည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း။

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားပြီး နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားရေးနှင့် နည်းပညာလွှဲပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း။

(ဃ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်းဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း။

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်မှ ထူးချွန်သောပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်မည်ဖြစ်ခြင်း၊ ယင်းတို့၏ မူပိုင်ခွင့်များကို အလေးထားနိုင်မည်ဖြစ်ခြင်း၊ အကာအကွယ်ပေးနိုင်မည်ဖြစ်ခြင်းနှင့် ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေနိုင်မည်ဖြစ်ခြင်း။

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ရန်ပုံငွေဖြင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးကိုအားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မည်တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဥ်းစား ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးကျော်တုတ် ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆို တင်သွင်းခြင်းအား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးကျော်တုတ်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဒေါက်တာမျိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဒေါက်တာမျိုးအောင်က လေးစားစွာ ဖတ်ကြား အစီရင်ခံပါမယ်။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ**
**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၆ - ၂၃၁
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၂၁-၆-၂၀၁၆ ရက်နေ့တွင် ပေးပို့လာပါသည်။ ၎င်းဥပဒေကြမ်း နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့ နှင့် ၁-၈-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို လေ့လာစိစစ်ရာအောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) မူလဥပဒေကြမ်းအမည်ကို အဓိပ္ပာယ်ပိုမိုရှင်းလင်း ကွဲပြားစေရန်အတွက် သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ ဆိုသည့်စကားရပ်ကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေဟုလည်းကောင်း၊ နယ်ပယ်ဆိုသည့် စကားရပ်ကို ပညာရပ် နယ်ပယ်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တိကျမှုရှိစေရန် အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဇ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများဆိုသည်မှာ သိပ္ပံပညာရပ် နယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုဆိုင်ရာ လေ့ကျင့် သင်ကြားရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို လည်းကောင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဆ) ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ)ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှု များကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေ ရန် ဖော်ထုတ်ပေးသည့် တွေ့ရှိချက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုဆိုသည် ၎င်းစကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(တ)၏အောက်တွင် အပိုဒ် ၂၊ အပိုဒ်ခွဲ (ထ)အဖြစ် မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ၎င်းဥပဒေအရ လျှောက်ထားသော နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်များကို စိစစ်၍ မှတ်ပုံတင်ပေးသော ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ကိုဆိုသည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ ကောင်စီ

ဖွဲ့စည်းရာတွင် ပိုမိုကျစ်လစ်မှုရှိစေရန်အတွက် အပိုဒ် ၄ ကို အောက်ပါအတိုင်း ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည် -

''၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကောင်စီကို အဖွဲ့ဝင် ၃၀ ဦးထက်မပိုသောအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးက ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ရပါမည်။ အဖွဲ့ဝင်များအဖြစ် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ (သို့မဟုတ်) ဒုတိယဝန်ကြီးများ | ဥက္ကဋ္ဌ |
| (၂) | ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ (သို့မဟုတ်) ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) | သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အကြီးအမှူးများ | အဖွဲ့ဝင်များ |
| (၅) | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် နိုင်ငံ့အကျိုးပြုပညာရှင်များ | အဖွဲ့ဝင်များ |
| (၆) | တာဝန်ခံဝန်ကြီးဌာန၏ဒုတိယဝန်ကြီး (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| (၇) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက် အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။''

**ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(ခ) ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ကျွမ်းကျင်သောပညာရှင်များ ပါဝင်လာစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၇၊ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)ဟု ပြင်ဆင်ပြီး အပိုဒ်ခွဲ (ဍ)၏အောက်တွင် အပိုဒ်ခွဲ(ဌ)အဖြစ် ပြည်ပရောက် မြန်မာနိုင်ငံသားသိပ္ပံ ပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအမံများ ချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ ရန်ပုံငွေထူထောင်ရာတွင် ပိုမို ပြည့်စုံမှုရှိစေရန်အတွက် အခန်း(၈)ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

အခန်း (၈)

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း**

၁၃။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ၊ ဆန်းသစ်တီထွင် ဖန်တီးမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စျေးကွက်စီးပွားရေးကို အထောက်အကူပြုသော သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်း ထောက်ပံ့ငွေများ၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိသည့်ငွေကြေးများ၊

(ဃ) ရန်ပုံငွေမှ တရားဝင် တိုးပွားမှုများ။

၁၄။ ကောင်စီသည် -

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သတ်မှတ်ပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်း၊စည်းကမ်းများနှင့်အညီ လိုက်နာ ကျင့်သုံး ဆောင်ရွက်ရမည်။

(ခ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

(ဂ) ရန်ပုံငွေသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဥ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာမှုရှိစေရန် ဆောင်ရွက်ရမည်။

၁၅။ ကောင်စီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ၏ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိကစက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် အခြား သုတေသန အဖွဲ့အစည်းများ၏ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စ အမျိုးအစား အလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ သင့်လျော်သလို ထောက်ပံ့နိုင်သည်-

(က) အမျိုးသားအဆင့် သုတေသနလုပ်ငန်းများ၊

(ခ) တီထွင်ဖန်တီးမှု ဖွံ့ဖြိုးရေး သုတေသန လုပ်ငန်းများ၊

(ဂ) မျိုးဆက်သစ်လူငယ်များ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများ၊

(ဃ) ယှဥ်ပြိုင်မှုအခြေခံသော သုတေသနလုပ်ငန်းများ၊

(င) ပြည်တွင်း၊ ပြည်ပသုတေသနပညာတော်သင်ဆု ထောက်ပံ့ခြင်းကိစ္စ၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်းများ တက်ရောက်ခြင်းနှင့် ကျင်းပခြင်း ဆိုင်ရာ ကိစ္စများ။

၁၆။ ကောင်စီသည် သိပ္ပံနှင့်နည်းပညာနယ်ပယ်မှ ထူးချွန်သောပညာရှင်များ ကျောင်းသား ကျောင်းသူများနှင့် ဆန်းသစ်တီထွင်ဖန်တီးသူများအား ထိုက်သင့်သည့် ဆုကြေးငွေ သတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၂၅ ကို အပိုဒ် ၁၉ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုရာတွင် တည်ဆဲဥပဒေနှင့် ကောင်စီကချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၄ ကို အပိုဒ် ၂၃ ဟု ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား နည်းပညာလွှဲပြောင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို သတ်မှတ်ချက်များနှင့် အညီ မှတ်ပုံတင်အရာရှိထံသို့ မှတ်ပုံတင်ရန် လျှောက်ထားရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၃ ၏ အောက်တွင် အပိုဒ် ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ တို့ကို အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ မှတ်ပုံတင်ရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း၊ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက နည်းပညာ လွှဲပြောင်းရေး သဘောတူစာချုပ်ကို မှတ်ပုံတင်ပြီး သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်ပြီးပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ထိုသို့ဆုံးဖြတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၆။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အယူခံမှုကို စိစစ်ပြီး မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၇။ နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို မှတ်ပုံတင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ ကောင်စီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အထောက်အပံ့ အကူအညီ ရရှိခွင့်ရှိသည်။

၂၈။ ဤဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူ စာချုပ်သည်သာ ဥပဒေကြောင်းအရ တရားဝင် အတည် ဖြစ်စေရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ နှင့် ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၃၂ ကို အပိုဒ် ၃၀ ဟုပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်

(က) တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(င) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဈ)၊ (ည)၊ (ဍ)၊ (တ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (ဃ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (က)၊ (ဂ)၊ (င)၊ (ဈ)၊ (ည)၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (ဃ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊

(ဇ)၊ (ဈ)၊ (ဋ)၊ (ဌ)၊ (ထ)၊ (ဒ)၊ (ဓ)၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့ကို အဆိုပြုချက်အတိုင်း ဆက်လက်ထားရှိ သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ)၊ (င)၊ (စ)၊ (ဆ)၊ (ဋ)၊ (ဌ)၊ (ပ)၊ (ဏ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (က)၊ (င)၊ (စ)၊ (ဆ)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ခ)၊ (ဃ)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဋ)၊ (ဍ)၊ (ပ)၊ (ဏ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ်ခွဲ (က)၊ (င)၊ (စ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ (စ)၊ (ဆ)၊ (ည)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ တို့ကို အသီးသီး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ထ)၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဋ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အခန်း (၁၀) ခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ တို့ကို ပယ်ဖျက်သင့်ကြောင်းနှင့် ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၀၊ အပိုဒ်ခွဲ (ဃ)တို့ကို အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဇ) မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်း ကောင်း၊ ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်းကောင်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

**ကော်မတီ၏သဘောထား မှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်

ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၈-၂၀၁၆ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]